# ညောင်နှစ်ပင်ညီလာခံနိဂုံးကို ထင်မြင်မိသမျှ

တူမောင်ညို
(၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးသဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံက ချမှတ်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများပါရှိသည့် မော်ကွန်းတင် လက်မှတ်ရေးထိုးထားသော သမိုင်းဝင် မော်ကွန်းမှတ်တမ်းစာအုပ်ကို အပ်နှံစဉ်။** (သတင်းစဉ်)

ဤပုံနှင့်ယှဉ်တွဲဖော်ပြပါ စာ၏ စကားလုံးများကိုကြည့်ပါ။
ဘာကြောင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကိုရွေးပြီးအပ်နှံခိုင်းရတာလဲ။
အဲဒီအထဲကမှ ဘာကြောင့် ဒေါက်တာမနန်တူးဂျာ ရွေးပြီးအပ်နှံခိုင်းရတာလဲ။
အပစ်ရပ်တိုင်းရင်းသားအဖွဲ့တွေကို ချိုးနှိမ်ချင်တာသက်သက်ပဲလား။
ဒါမှမဟုတ် မကြာသေးမီက (ကေအိုင်အို) ကတင်ပြခဲ့တဲ့ အချက် ၁၉ ချက်ကို ပြန်လည်တုန့်ပြန်တဲ့သဘောလား။

မော်ကွန်းတင်မှတ်တမ်းစာအုပ်အပ်နှံရတာတောင်လက်ခံသူနဲ့အပ်နှံသူဟာအဆင့်အတန်းမတူပါလား။

အထက်နဲ့အောက်ဖြစ်နေပါလား။

စကားလုံးသုံးနှုန်းတာမှာလဲ ‘အပ်နှံစဉ်’ တဲ့။

အလုပ်ရှင်က ‘အော်ဒါပေးပြီးခိုင်းထားတာ’၊လုပ်ပြီးသွားလို့အလုပ်ရှင်ကိုပြန် ‘အပ်’ ရတဲ့သဘောဖြစ်ပါတယ်။

နဲနဲမှအပြုသဘောမဆောင်ဘူး။ နဲနဲမှတန်းတူမှုမရှိဘူး။ အထက်စီးဆန်လွန်းလှတယ်။ ‘ပေးအပ်’ ဆိုတဲ့ စကားလုံးဘာကြောင့် မသုံးတာလဲ ဆိုတာမပေါ်လွင်ဘူးလား။

နောက်တစ်ခု အိမ်ပြန်သွားကြတဲ့ ညီလာခံကိုယ်စားလှယ်တွေကို ချည်နှောင်လွှတ်လိုက်တဲ့နှောင်ကြိုးတွေကိစ္စ ပြောပါဦးမယ်။

မှာကြားချည်နှောင်လိုက်သူကတော့ ညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ဖြစ်ပါတယ်။

'ညီလာခံပြီးဆုံးခဲ့သော်လည်း ကိုယ်စားလှယ်ကြီးများ၏ လုပ်ငန်းတာဝန်တွေမပြီးဆုံးခြင်းမရှိသေးပါဘူး' တဲ့။

ညောင်နှစ်ပင်ကချမှတ်လိုက်တဲ့ 'အခြေခံမူများနှင့်အသေးစိတ်အခြေခံမူများ၏ အနှစ်သာရကိုပြည်သူများအကြားပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်အခွင့်ကြုံတိုင်းဝိုင်းဝန်းကြိုးပမ်းသွားကြရမည်' တဲ့။

'မိမိပတ်ဝန်းကျင်၊ မိမိအသိုင်းအဝိုင်း၊ မိမိ မိသားစု ၊ ရေနွေးကြမ်းဝိုင်းမှာ အထိ မသိသေးသည့်ပြည်သူများ ပိုသိလာအောင်၊ နားမလည်သေးသည့်ပြည်သူများ ပိုပြီးနားလည်လက်ခံလာအောင်တစ်ပိုင်တစ်နိုင်ကိုယ်စီထိတွေ့ချပြစည်းရုံးသွားကြပါ' တဲ့။ ဒီလို မှာကြားချည်နှောင်လိုက်တာတွေဟာ (နအဖ)စစ်အစိုးရရဲ့ လမ်းပြမြေပုံ ဒုတိယအဆင့်မှာလုပ်မယ့် လက်တွေ့လုပ်ငန်းတွေဖြစ်နေပါလား (မကြုံကြုံအောင်ဂွင်ဖန်ပြီးလုပ်မှာတော့သေချာနေပါတယ်၊ ကြုံ့ဖွံ့နဲ့တွဲလုပ်ရမှာတော့သေချာနေပါတယ်)။

မှာကြားချည်နှောင်လိုက်တဲ့နှောင်ကြိုးတွေကတော့'နှောင်ကြိုးလေးတမျှင်'မဟုတ်ပါဘူး။ အထပ်ထပ်ရစ်ပတ်တုတ်နှောင်လွှတ်လိုက်တာဖြစ်ပါတယ်။

'ဆက်ရန်တာဝန်တွေအများကြီးရှိ'နေပါသေးတယ်တဲ့။ အဲဒါတွေကတော့ –

- အသက်နဲ့ထပ်တူတန်ဖိုးကြီးမားပြီးအလေးထားဆောင်ရွက်ကြရမည့်အမျိုးသားရေးတာဝန်ဖြစ်သည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးတာဝန်
- ယင်းအခြေခံဥပဒေအပေါ် ပြည်သူလူထု၏ ဆန္ဒခံယူအတည်ပြုချက်ရယူရေး၊
- ပြည်သူ့ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ရေး

စသဖြင့် လမ်းစဉ် (၇) ရပ်အတိုင်းတဆင့်ပြီးတဆင့် ခရီးဆက်ရဦးမယ်တဲ့။

ယခုလို ညီလာခံပြီးလို့ ကိုယ့်အိမ် ကိုယ့်ယာ ပြန်တာကို ဤ(ညောင်နှစ်ပင်) ညီလာခံက 'တာဝန်ပေးစေလွှတ်လိုက်ခြင်း (သို့မဟုတ်) စတင်တာလွှတ်လိုက်ခြင်း' ဖြစ်တယ်တဲ့။

ဒီစကားဟာ (နအဖ)စစ်အစိုးရ စိတ်ကြိုက်ရွေးချယ်ပြီးညီလာခံမှာတက်ရောက်စေခဲ့ကြတဲ့၊ အလုပ်သမားကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံဝန်ထမ်းကိုယ်စားလှယ်များ အတွက် ကတော့ဘာမျှမဆန်းပါဘူး။သူတို့ကိုအစကတည်းက(နအဖ)စစ်အစိုးရကစိတ်ကြိုက်ရွေးချယ်ခဲ့တာ၊ တာဝန်ပေးအပ်ခဲ့တာဖြစ်ပါတယ်။

ဒီတော့သူတို့မှာ 'သူ့ဆန်စားမှ ရဲ' ဆိုတာလိုသတ်မှတ်ညွှန်ကြားလိုက်တာကို ညောင်နှစ်ပင် ညီလာခံမှာ တက်ပြီး ဖတ်ကြားတင်ပြရမှာနဲ့သဘာပတိအဖွဲ့ကကောက်နုတ်စုစည်းတင်ပြလာတာတွေကိုတက်ကြွစွာထောက်ခံကြရုံမှတပါးအခြားမရှိပါဘူး။

ထွေလီကာလီတွေလည်းတင်ပြနေဖို့မလိုပါဘူး။ (နအဖ)စစ်အစိုးရအနေနဲ့ ကိုယ့်လူကိုယ်မှာတာ ဘာပြဿနာမှမရှိပါဘူး။

ဒါပေမယ့်အခုမှာနေတာတွေ 'အမျိုးသားရေးတာဝန်'ဆိုတဲ့စကားလုံးလှလှလေးသုံးပြီး ချည်နှောင်ပေးလိုက်တာတွေက (နအဖ)စစ်အစိုးရ သူ့ကိုယ်စားလှယ်တွေကိုသာမကပဲ။ ကျန်တဲ့ အနည်းစုဖြစ်တဲ့ အပစ်ရပ်အင်အားစုတွေကိုပါ တုတ်နှောင်နေတာကိုပြောချင်တာပါ။

ဒီနှောင်ကြိုးတွေကနေ ဘယ်လိုရုန်းထွက်ကြမလဲ။

'ပိုမိုကျယ်ပြန့်ပြီး၊ နိုင်ငံရေးအနှစ်သာရနဲ့ပိုမိုပြည့်စုံတယ်ဆိုတာ ကိုယ်တိုင်တက်ရောက်ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်ကြီးများအသိဆုံးဖြစ်ပါတယ်' တဲ့။

'ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများ ( ၁၉၄၇၊ ၁၉၇၄) နဲ့နှိုင်းယှဉ်ရင် ယခု ချမှတ်ထားတဲ့ မူများဟာ တိုင်းရင်းသား အခွင့်အရေးကို မြန်မာနိုင်ငံရဲ့ပကတိအရှိတရားအပေါ်မှာ အခြေခံပြီး အထူးတလည်ပေးအပ်ထားတယ်ဆိုတာ ငြင်းချက်မရှိကြောင်းထင်ရှားစွာတွေ့ရမှာဖြစ်ပါတယ်' တဲ့။

'အခြေခံမူတွေကို အားမနာတမ်းဝေဖန်ပြစ်တင်နေသူတွေဟာ ပြည်ထောင်စုပြိုကွဲအောင်ဖန်တီးနေသူများသာကြောင်း' ပြောသွားပါတယ်။

(နအဖ)စစ်အစိုးရက ကျွန်တော်တို့ကို စိန်ခေါ်နေပါတယ်။

ဘယ်လိုငြင်းချက်ထုတ်ကြမလဲ။

ဒီလို လိမ့်လုံး၊ ညာလုံးတွေကို ဘယ်လိုတုန့်ပြန်ကြမလဲ။

ညောင်နှစ်ပင်အဆုံးသတ်နေ့မှာသိပ်ထူးခြားမှုကြီးတစ်ခုရှိပါတယ်။ လူတိုင်းလည်းသတိပြုမိလိုက်ကြမှာပါ။ အဲဒါကတော့ ပြည်တွင်းပြည်ပ သတင်းစာဆရာတွေ၊ သံရုံးများ၊ ကုလအေဂျင်စီများကဌာနေကိုယ်စားလှယ်တွေကို ဖိတ်ကြားတက်ရောက်စေ ခြင်းမရှိတာပဲဖြစ်ပါတယ်။

ဘာကြောင့်မဖိတ်ရတာလဲ ဆိုတဲ့အကြောင်းရင်းကျွန်တော်စဉ်းစားမိတာကတော့။

လောင်စာဆီဈေးနှုန်းမြှင့်တင်လိုက်တဲ့ ကိစ္စနဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေကို အကြမ်းဖက်ဖမ်းဆီးနေတာတွေကို သတင်းစာဆရာကြီးများကမေးလာမြန်းလာတဲ့အခါ ရှောင်ရှားစေနိုင်ဖို့နဲ့ ပြီးတော့ညီလာခံနဲ့ပတ်သက်ပြီးသတင်းထောက်တွေက မေးလာမြန်းလာတဲ့ အခါမှာ ညီလာခံကိုယ်စားလှယ်တချို့က ရင်ဖွင့်ကြမှာကို စိုးရိမ်တာကြောင့် ဖြစ်မယ်လို့ထင်မြင်ယူဆမိပါကြောင်း။

(အခမ်းအနားမှူးလုပ်နေရတဲ့အတွက်ပြန်ကြားရေးဝန်ကြီးမအားလပ်တာလည်း တကြောင်းဖြစ်မယ်ထင်ပါတယ်)

ညောင်နှစ်ပင်ညီလာခံ ဟာ အတုအယောင်ညီလာခံဖြစ်ပါတယ်။ အတုအယောင်ညီလာခံက ချမှတ်လာသမျှဟာလည်း အတုအယောင်တွေပဲဖြစ်တယ်လို့သာသဘောထားကြောင်း ဖြင့်ထင်မြင်သမျှကိုနိဂုံးချုပ်လိုက်ပါတယ်။